# HEALTH INSURANCE INFORMATION CHECKLIST
# ကျန်းမာရေးအာမခံအကြောင်းသိကောင်းစရာ

## အာမခံအကာအကွယ်
## Coverage

☐ ကျန်းမာရေးအာမခံဆိုသည်မှာဆေးကုသမှုအတွက်အတိုင်းအတာတစ်ရပ်ထိတာဝန်ယူပေးသောအာမခံအမျိုးအစားဖြစ်ပါသည်။

To provide coverage for medical, surgical and hospitalization expenses.

## အကျိုးခံစားခွင့်များ
## Benefits

| စဉ်<br>Sr. No. | အာမခံအကာအကွယ်နှင့်ယူနစ်<br>Coverage and Unit | အာမခံအကျိုးခံစားခွင့်ရရှိနိုင်မှု<br>Benefit | လျော်ကြေးပေးချေရမည့်အကြောင်းအရင်း<br>Cause of Claim | အကျိုးခံစားခွင့်ငွေ (ကျပ်)<br>Amount (MMK) |
|---|---|---|---|---|
| 1 | အခြေခံအကာအကွယ် ၁ ယူနစ်<br>Basic Coverage (1 unit) | - ရောဂါကြောင့် ဆေးရုံတက်ခြင်း<br>- Hospital cash due to disease<br>- မတော်တဆမှုကြောင့် ဆေးရုံတက်ခြင်း<br>- Hospital cash due to accident<br><br>- သေဆုံးခြင်း<br>- Death benefit | - ဆေးကုသရန်ရည်ရွယ်ချက်ဖြင့် ဆေးရုံတက်သည့်အခါ<br>- Hospitalization due to disease or accident<br><br>- သေဆုံးသည့်အခါ<br>- Death due to disease or accident | - ဆေးရုံတက်ရက် ၁ ရက် ကျပ်၁၀,၀၀၀/ - (အများဆုံးရက်ပေါင်း ၆၀ အထိသာ)<br>- MMK 10,000 per day (Maximum 60days)<br><br>- (၁၀)သိန်းကျပ်<br>- MMK 1,000,000 |
| 2 | ရွေးချယ်နိုင်သည့် အာမခံအကာအကွယ် (၁)<br><br>Optional Coverage(1) (1 unit) | - ခွဲစိတ်ကုသခြင်း<br>- Surgical Cash(Including Miscarriage)<br><br>- ကိုယ်ဝန်ပျက်ကျခြင်း<br>- Miscarriage | - တစ်ကိုယ်လုံးမေ့ဆေး (သို့မဟုတ်) ကိုယ်တစ်ပိုင်းထုံဆေးဖြင့် ခွဲစိတ်ကုသမှုကိုခံယူသည့်အခါ<br>- Major Operation<br><br>- သဘာဝအလျောက် (သို့မဟုတ်) ရောဂါကြောင့် ကိုယ်ဝန်ပျက်ကျခြင်း ကုသခြင်း၊ ဆေးရုံတက်ပြီး ခွဲစိတ်မှု၊ ကုသမှုကိုပြုလုပ်သည့်အခါ<br>-Spontaneous abortion (Miscarriage) | - ခွဲစိတ်ကုသမှုအတွက် အမှန်တကယ် တိုက်ရိုက် ကုန်ကျစရိတ်။ သို့သော် အနည်းဆုံး(၅)သိန်းကျပ်<br>- Actual costs for Surgery. (MinimumMMK 500,000)<br><br>- (၃)သိန်းကျပ်(ဝယ်ယူထားသည့် ယူနစ်နှင့် မသက်ဆိုင်ပါ)<br>- MMK 300,000 (Not related to number of purchased unit)<br><br>- ခွဲစိတ်ကုသခြင်းနှင့် ကိုယ်ဝန်ပျက်ကျခြင်း နှစ်ခုပေါင်းအတွက်(၅)သိန်းကျပ် × အာမခံထားသည့် ယူနစ်ပေါင်းကို စုစုပေါင်းအများဆုံး ပေးချေနိုင်သည့် ပမာဏအဖြစ်သတ်မှတ်မည်။<br><br>-Total coverage amount MMK 500,000 for Surgical and Miscarriage coverage x Total no. of units purchased will be considered as highest payable amount |

| | | | | |
|---|---|---|---|---|
| 3 | ရွေးချယ်နိုင်သည့် အာမခံအကာအကွယ် (၂) (၁ယူနစ်)<br>Optional Coverage(2) (1 unit) | - ဆေးရုံ/ဆေးခန်းပြသခြင်း<br>- OPD Benefit | - ဆေးကုသရန်ရည်ရွယ်ချက်ဖြင့် ဆေးရုံ/ ဆေးခန်းပြသသည့်အခါ<br>- To see doctor due to disease or accident | - ဆေးရုံ/ဆေးခန်း (၁)ကြိမ်ပြလျှင် (၁)ယူနစ် ၂,၅၀၀ကျပ်။ သို့သော် ၁၀,၀၀၀ကျပ် X အာမခံထားသည့်ယူနစ်ပေါင်းကို စုစုပေါင်းအများဆုံးပေးချေနိုင်သည့်ပမာဏ အဖြစ် သတ်မှတ်မည်။<br>- OPD for 1 unit is 2,500MMK per time up to 10,000MMK.<br>- 10,000MMK x purchased unit (maximum total amount) |

## အာမခံထားခွင့်ရှိသူ
## Eligiblility

☐ ကျန်းမာရေးအာမခံအတွက် အသက် ၆နှစ် မှ ၇၅နှစ် အတွင်းရှိသူ မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံအတွင်း တရားဝင်နေထိုင်ခွင့်ရှိသူ နိုင်ငံခြားသား များလည်း ထားရှိနိုင်ပါသည်။

Age between 6 to 75 yrs old.

☐ အသက် ၆နှစ်မှ ၁၈နှစ်အထိ အတွက်မိဘ / အုပ်ထိန်းသူများမှ ထားရှိနိုင်ပါသည်။

For those between 6 to 18 years of age, parents/guardians must purchase  the policy on minor behalf.

## အာမခံသက်တမ်း
## Policy Term

☐ အာမခံသက်တမ်းမှာ ပရီမီယံစတင် ပေးသွင်းသည့်နေ့မှစ၍ (၁)နှစ်ပြည့်မြောက်သည့်ည (၁၂)နာရီအထိ ဖြစ်ပါသည်။

Insurance period is effective as soon as the payment of the premium is made and it will be expired in one year of the insurance period at midnight.

☐ တစ်ဦးချင်းထားသူများအနေဖြင့် တစ်လုံးထဲ ပေးသွင်းနိုင်ပြီး အစုအဖွဲ့လိုက်ထားသူများအနေဖြင့် လစဉ်၊ (၃)လတစ်ကြိမ်၊ (၆)လ တစ်ကြိမ်နှင့် တစ်လုံးထဲ ပေးသွင်းနိုင်ပါသည်။

Lump sum payment is required for individual customers. Monthly, quarterly, bi-annually and lump sum payment are available to corporate customers.

## လျော်ကြေး အကျုံးမဝင်သည့် အချက်များ
## **Exclusions**

☐ ဆေးကုသမှု ခံယူနေခြင်း၊ ဆေးကုသရန် ဆရာဝန်၏ ထောက်ခံချက်ကို ရရှိထားခြင်း၊ ရောဂါလက္ခဏာရှိပြီးသား ဖြစ်နေခြင်း၊

Undergoing medical treatment, already having the doctor’s approval for a medical treatment, having a prior disease symptom/ diagnosis.

☐ သားဖွားခြင်း၊ ဗိုက်ခွဲမွေးခြင်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ခွဲစိတ်ကုသမှု၊ သို့သော် အာမခံထားပြီးနောက် ကိုယ်ဝန်နှင့်အာမခံထားချိန်တွင် ပုံမှန်ဖြစ်နေသော ကိုယ်ဝန်ကြောင့်ဖြစ်လာသည့် တွဲဖက်ရောဂါများ (ကိုယ်ဝန်ဆိပ်သင့်ခြင်း၊ ကိုယ်ဝန်ဆောင်သွေးတိုးရောဂါ၊ ကိုယ်ဝန်ဆောင်ဆီးချိုရောဂါ စသည်တို့) ကြောင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်းသည် အကျိုးခံစားခွင့်ပေးချေရန် အကျုံးဝင်သည်။ ထို့ပြင် ကိုယ်ဝန်ပျက်ကျခြင်းသည် ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်(၁)ကို ဝယ်ယူထားပါက အကျိုးခံစားခွင့်ပေးချေရန် အကျုံးဝင်သည်၊

Normal delivery and having caesarean operation (i.e,C-section)

Note: Hospitalization and surgeries due to conditions and/ or diseases which are caused by or complicates a pregnancy (e.g,Eclampsia, pre-eclampsia, gestational diabetes etc.) and in the event of miscarriage are entitled for coverage if optional coverage (1) is purchased.

☐ စိတ်ပေါ့သွပ်ခြင်း၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း၊

Insanity, hospitalization and surgery due to mental illnesses

☐ ကျန်းမာရေးဆေးစစ်ရန်နှင့် အနားယူအားမွေးရန် ဆေးရုံတက်ခြင်း၊

Hospital visits for medical check-ups

☐ သားသမီးရလိုမှုဖြင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်း၊

Hospitalization and having surgeries to address infertility

☐ မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းမှအပ ဖြစ်သော သွားနှင့်ပတ်သက်သည့် ကုသမှုအတွက်ဖြစ်ခြင်း၊

Hospitalization and surgeries for dental treatment except accidental injuries

☐ မတော်တဆထိခိုက်ဒဏ်ရာရခြင်းမှအပဖြစ်သောမျက်မှန်အပါအဝင်မျက်စိစမ်းသပ်ခြင်း၊အမြင်သွေဖယ်ခြင်း၊မျက်စိကုသခြင်း၊အမြင်အာရုံကောင်းမွန်လာအောင်ပြုပြင်ရန်ဖြစ်ခြင်း၊

Having eye sight check-ups including spectacles, treatments for visual impairments, hospitalization and having surgery for vision correction except for accidental injuries to the eye/s.

☐ အလှအပအတွက်ဖြစ်ခြင်း၊

Hospitalization and having cosmetic/plastic surgery.

☐ နားကြားကိရိယာတပ်ဆင်ရန်အတွက်ဖြစ်ခြင်း၊

Hospitalization for surgery in relation to a hearing implant

☐ ကိုယ်ခန္ဓာချို့ယွင်းခြင်း (သို့မဟုတ်) မသန်စွမ်းခြင်း၊

Physical defects ,in- born disabilities, or infirmity.

☐ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊

Drug abuse

☐ ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း၊

Committing crimes

☐ ခုခံအားကျဆင်းမှုရောဂါဖြစ်ခြင်း၊

AIDS/HIV

☐ အကြမ်းဖက်ဖျက်စီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင်ဖြစ်ပွားခြင်း (စစ်ပြုခြင်းများ၊ စစ်ပွဲကဲ့သို့တိုက်ခိုက်ခြင်း၊ စစ်တပ် (သို့မဟုတ်) အာဏာသိမ်းခြင်းနှင့်ဖော်ပြပါအဖြစ်အပျက် တစ်ခုခု၏ တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သောအကျိုးသက်ရောက်မှု တစ်ရပ်ရပ်ကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နီးကပ်စွာသော်လည်း ကောင်း၊ ဝေးလံစွာသော်လည်းကောင်း ဖြစ်ပေါ်စေသော၊ အားပေးသော၊ အခြေခံသော၊ ပေါ်ပေါက်သော မည်သည့်မတော်တဆဖြစ်ပွားခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း)၊

Vandalizing, protest war and war-like terrorism

☐ ရောဂါကြောင့် ဆေးရုံတက်ရက်ပေါင်းသည် ၃ရက် နှင့် အောက်ဖြစ်သော ဆေးကုသမှုများ၊

Treatments which only last 3 days for hospitalization for a disease

☐ လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ၊

Fraudulent requests

☐ မိမိကိုယ်ကို သတ်သေခြင်း (သို့မဟုတ်) မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်အောင် ပြုလုပ်ခြင်း။

Suicide or any form of self- inflicted injury

## သတိပြုရမည့်အချက်များ
## Important Notes

☐ အခြေခံအာမခံအကာအကွယ်ကို သီးခြားဝယ်ယူနိုင်ပါသည်။ ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်များကို အခြေခံအာမခံအကာအကွယ်နှင့်အတူ တစ်ပါတည်းတွဲဖက်၍ ဝယ်ယူနိုင်ပါသည်။ ရွေးချယ်နိုင်သည့် အာမခံအကာအကွယ်များကို သီးခြားဝယ်ယူ၍ မရနိုင်ပါ။

Basic coverage of health insurance can be bought separately.But additional coverage must be bought with basic coverage.

☐ ပထမအကြိမ် အာမခံကြေးပေးသွင်းပြီးနောက် ကျန်အရစ်များအတွက် ပေးသွင်းရန်စေ့ရောက်သည့်နေ့မှ (၁၅)ရက်အတွင်း နောက်ဆုံးထား ပေးသွင်းရပါမည်။ ပရီမီယံမပေးသွင်းပါက စောင့်ဆိုင်းကာလပြည့်သည့်နေ့၏ နောက်တစ်နေ့မှစပြီး အကျိုးသက်ရောက်မှုပျက်ပြယ်သွားပါမည်။

According to the premium payment method, a premium payment must be made not later than 15days after the due date of premium payment. If the due date for extended period of the premium payment has passed without any premium payment, the insurance agreement will no longer be effective from the day after the last days of the extended period of the insurance.

☐ အစုအဖွဲ့လိုက် အာမခံထားသူများအနေဖြင့် အကျိုးခံစားခွင့်ပေးချေချိန်တွင် ပေးချေသင့်သည့် ပရီမီယံကြေးပေးသွင်းရန် ကျန်ရှိနေပါက အာမခံကာလကုန်ဆုံးသည့်အချိန်အထိ ပေးချေရန်ကျန်ရှိသည့် ပရီမီယံကြေး စုစုပေါင်း ပမာဏကို ခုနှိမ်ပြီး မှပေးချေမည်။

For those under a corporate policy, if the insured person payment at the time still has to provide installment payment premium of the claim settlement, the premium payment for remaining policy period will be deducted from total claim settlement.

- ☐ အထောက်အထားမပြည့်စုံ၍ AYA SOMPO မှ ထပ်မံတောင်းခံသည့် လိုအပ်ချက်များကို (၃)လ အတွင်းပေးပို့နိုင်ခြင်းမရှိပါက အကျိုးခံစားခွင့် ဆုံးရှုံးမည်။

  If the insured person could not submit the additional requirements for claims as requested by the insurer within 3 months, the insured person will fail to receive the entitled benefits.

- ☐ အာမခံထားအပြီး (၁)လအတွင်း ဆေးရုံတက်စရိတ်တောင်းခံလာပါက AYA SOMPO မှ ကျွမ်းကျင်သူများက ထပ်မံစီစစ်ပါမည်။

  The insurance company’s experts will inspect the incidents in which hospitalization is claimed within the first month of the insurance policy.

- ☐ ဤအာမခံသည် ဆေးရုံ/ဆေးခန်းကုသမှုများအတွက်အကာအကွယ်ပေးခြင်းဖြစ်၍ အာမခံထားသူ၏ ဆန္ဒအရ ဆေးစစ်ရန် ဆေးရုံတက်ခြင်းအတွက် အကျုံးမဝင်ပါ။

  Health insurance only covers for hospitalization and thus will not cover admission for medical check-ups requested by the insured person

**Hotline နံပါတ် 09 777 100 555 (Customer Service), 09 777 100 999 (Claim)** သို့ အချိန်မရွေး ဖုန်းဆက် အကြောင်းကြားနိုင်ပါသည်။

**“မှတ်ချက်”**

ဤစာရွက်စာတမ်းသည် ယေဘုယျသတင်းအချက်အလက်မျှသာဖြစ်ပါသည်။ အာမခံသော စာချုပ်မဟုတ်ပါ။ အာမခံသို့မဟုတ် ဝန်ဆောင်မှုအား ဝယ်ယူရန်ကမ်းလှမ်းချက်လည်း မဟုတ်ပါ။ ထို့အပြင်တစ်စုံတစ်ရာကို အာမခံပေးခြင်း (သို့မဟုတ်) ငွေကြေးဆိုင်ရာကို အကြံပေးခြင်းလည်းမဟုတ်ပါ။ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီချုပ်ဆိုထားသောစာချုပ်ကို စိတ်ဝင်စားပါကဝယ်ယူရန် သင့်၊မသင့်ကို အထက်ဖော်ပြပါ အချက်များအားဖတ်ရှုလေ့လာပြီး မှသာ ဆုံးဖြတ်ဝယ်ယူရန်ဖြစ်ပါသည်။

“Remark”

This checklist is intended for general information only. This is neither the insurance policy nor the proposal form. None in this checklist constitutes to a finanical advisory or the issuance of a contract.You are required to know and understand the text stated in this checklist before signing.

| အာမခံလက်ခံသူ Insurer | | အာမခံထားသူ Insured | |
|---|---|---|---|
| လက်မှတ် Signature | | လက်မှတ် Signature | |
| ဝန်ထမ်းအမည် Employee’s Name | | အမည် Name | |
| ရာထူး Position | | ဖုန်းနံပါတ် Phone No. | |
| နေ့စွဲ Date | | နေ့စွဲ Date | |